# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# ကူရွာကျေးရွာ

## မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇-၂၀၂၁)




ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကူရွာကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ

# ကူရွာကျေးရွာ

# မင်းဘူး(စကု)မြို့နယ်၊ မကွေးတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇ – ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကူရွာကျေးရွာ၊ မင်းဘူး(စကု)မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၂
စကားချီး ၅
ကူရွာကျေးရွာသယံဇာတပြမြေပုံ၊ မင်းဘူး(စကု)မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမရေးရာကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်း ပေးရမည့်ကိစ္စများ ၁၈

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၂၉**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ ၅၈**
**နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း ၆၅**
**ကိုးကားစာရင်း**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ၂၀၂၀-၂၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာ ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရာယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့တွင် ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင် မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောက်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင် မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘက်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


ဒီဇင်ဘာလ ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကူရွာကျေးရွာ

မင်းဘူး(စကု)မြို့နယ်

# ကူရွာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြပါမည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာ နိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း

နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ ကူရွာကျေးရွာသည် အိုင်းမဆည်မြောင်းတောင်ဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးချုပ်ဆိုင်ရာ မင်းဘူး(စကု)မြို့နယ် အုပ်ချုပ်ရေးရုံးခွဲရှိသောကြောင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေး ဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏ (၁)နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ(၈၀)မှ (၁၀၀)ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်သည်။ ကျေးရွာတည်ရှိရာသည် မြေပြန့်အနေအထားရှိသည်။ ကျေးရွာအနီးတွင် ချောင်းငယ်လေး၊ လယ်ကွင်းများနှင့်ဆည်မြောင်းများရှိသည်။ လယ်ယာမြေများသည် စပါး၊ ပဲအမျိုးမျိုးနှင့်နှမ်းသီးနှံများလုပ်ကိုင်နိုင်ပြီး အသက်မွေးဝမ်းကျောင်းအတွက် အဓိကအားထားရာဖြစ်သည်။ မိုးရာသီတွင် ချောင်းငယ်လေးမှ ချောင်းရေများကျ၍ သီးနှံများ ပျက်စီးလေ့ရှိသည်။

### ၂။(ခ) သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ ကျေးရွာသည် လယ်ယာမြေ အသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သံယံဇာတအသင့်အတင့် ထွက်ရှိသော်လည်း လက်လှမ်းမမှီပါ။ တောင်သူအများစုမှာ အိုင်းမရေလွှဲဆည်မှ ဆည်ရေဖြင့် လယ်မြေကေ(၁၇၆)ခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်ပါသည်။ မြေအောက်ရေ အသုံးပြုမှုအသင့်အတင့်ရှိပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ကေမှာ လယ်ကေ (၁၇၆)ကေ ရှိပြီး စပါးနှင့်ပဲမျိုးမျိုးတို့ကို အဓိကစိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၀)စုနှင့် ကျား(၂၅၇)ဦး၊ မ(၂၄၉)ဦး စုစုပေါင်း(၅၀၆)ဦး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄)ဦးနှုန်း ရှိပါသည်။ နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅)ဦးထက် လျော့နည်းနေပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်များဖြစ်ပြီး ကျေးရွာလူဦးရေပေါင်း၏ (၆၈%)

ခန့်ရှိသဖြင့်လူသားအရင်းအမြစ်ကောင်းဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်တော်တို့ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသောလယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလဲ တပိုင်တနိုင်စီးပွားရေးဖြစ်သော ဈေးဆိုင်လုပ်ငန်းများလဲ လုပ်ကိုင်ကြသည်။ အစိုးရဝန်ထမ်းအချို့လဲ ငွေရေးအသင့်အတင့် အဆင်ပြေကြသည်။ ယင်းတို့အနက် ကျေးရွာတွင် ဆင်းရဲအဆင့်သည် အသင့်အတင့်တွင် ရှိပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ၊ ယာသမားများ၊ လက်လုပ်လက်စားကျပန်းများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်ကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် မြင့်မားပြီး (၈၅.၈)ရာခိုင်နှုန်းထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများ များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေး၊ တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏(၈၅.၈)ရာခိုင်နှုန်းဖြစ်သော (၃၁)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့သည် ချေးငှားစားသောက်ရပါသည်။ ၎င်းတို့အနက် အကြွေးတင်ရှိမှုတွင် ကြွေးဆုံးခဲ့သော အိမ်ထောင်စုအားလုံးသည် (၁၀၀၀၀၀)မှ (၇၀၀၀၀၀) အထိ ရှိနေကြသည်။ အိမ်ထောင်စုအားလုံး၏(၁.၃)ရာခိုင်နှုန်းခန့်သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေ အသင့်တင့်ရှိသည်။ မုဆိုးဖိုဦးဆောင်သောအိမ်ထောင်စု(၇)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။ အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ စောင့်ရှောက်မှုနည်းသူများဖြစ်သည့် သက်ကြီးရွယ်အို(၃၆)ဦးတို့ဖြစ်ကြသည်။ လူငယ်များသည် လိင်မှတဆင့် ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်များရှိတတ်ကြသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာသူ/သားများ အနေဖြင့် ကျေးလက်ကျန်းမာရေးဌာနရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိနိုင်သည်။ ရေကောင်းရေသန့်သုံးစွဲခြင်းကြောင့် ဝမ်းပျက် ဝမ်းလျှောရောဂါများဖြစ်ပွားမှုလျော့နည်းကြောင်း တွေ့ရပါသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ် တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် နည်းပါး ကြောင်းတွေ့ရသည်။ ကျေးရွာတွင် စာသင်ကျောင်းမရှိသောကြောင့် ဖြူကုန်းကျေးရွာအခြေခံ ပညာ အလယ်တန်းကျောင်းခွဲသို့ သွားရောက်စာသင်နိုင်ပါသည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

### (စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား/မရေးရာကိစ္စ အနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျား/မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြပါသည်။ ကျေးရွာတွင် ကျား/မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် ပညာရေးနယ်ပယ်နှင့် အခြားသောနယ်ပယ်များတွင် အခွင့်အရေး တူညီစွာ ရရှိကြပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခများ ရရှိမှုမှာလဲ တန်းတူရရှိကြပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၅)ဖွဲ့ရှိသည်။ ပက်မြန်မာငွေချေးအဖွဲ့ကို ပြည်တွင်းမှဖွဲ့စည်းထားပြီး ငွေစုငွေချေးလုပ်ငန်းများကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ ပဲအမျိုးမျိုးနှင့် နှမ်းကို အဓိကထားစိုက်ပျိုးကြသည်။ သီးထပ်အဖြစ်မတ်ပဲ၊ ကုလားပဲနှင့်နှမ်းတို့ကို စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုရရှိကြပြီး စိုက်ပျိုးရေးကုမ္ပဏီများမှလဲ တောင်သူများအတွက် ဝန်ဆောင်မှုပေးကြပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင် အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်နေကြရပြီး လုပ်အားခပိုပေးမှသာ အလုပ်သမားများကို ငှားရမ်းရရှိကာ ကုန်ကျစရိတ်မြင့်မားနေကြပါသည်။ တောင်သူများသည် နှစ်စဉ် မိုးရွာသွန်းမှု မညီမျှမှုနှင့် ရင်ဆိုင်နေရပါသည်။

ကျေးရွာတွင် ဝက်၊ ကြက်၊ ဆိတ်နှင့် ခိုင်းနွားများလည်း မွေးမြူကြသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများမှာ ဆိုးရွားမှုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။

မွေးမြူရေးဆိုင်ရာအဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန် ချေးငွေအလွယ်တကူ မရရှိနိုင်ကြချေ။ ငွေချေးသူများထံမှ ချေးငှားလျှင်လဲ အတိုးနှုန်းမြင့်မားသည်။ မွေးမြူရန်မြေနေရာများ မရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းတွင်အခက်အခဲရှိပါသည်။

## (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းထုတ်ကုန်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ လက်လီလက်ကားရောင်းဝယ်သော ဈေးဆိုင်များရှိပြီး တပိုင်တနိုင်လုပ်ကိုင်သောလုပ်ငန်းဖြစ်သောကြောင့် မိသားစုဝင်များနှင့် လက်လုပ်လက်စားဖြစ်သော ကျပန်းအလုပ်သမားများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင်အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းတို့ကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြားနေခြင်းမှာ ကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းတချို့ကို ဝန်ဆောင်မှုပေးသောလုပ်ငန်းများရှိသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ သင်တန်းများသို့ အကုန်ကျခံကာပို့လွှတ်သင်ကြားကြသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာရှိစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်း၊ အပင်များ သန်မာဖြစ်ထွန်းရန်ဓာတုမြေသြဇာများ သုံးစွဲမှုများလာသဖြင့် မြေဆီလွှာအရည်အသွေးများ ကျဆင်းလာနေပါသည်။ တောင်သူများအနေဖြင့်လည်း ပိုးသတ်ဆေး အသုံးပြုမှု၊ ဓာတ်မြေသြဇာ အသုံးပြုမှုအပိုင်းတွင်လည်း

ဗဟုသုတနည်းပါးပြီး တတ်ကျွမ်းနားလည်သည့် စိုက်ပျိုးရေးဝန်ထမ်းများနှင့် ချိတ်ဆက်မှုမှာလဲ အားနည်းနေပါသည်။ စွန့်ပစ်မှုစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူသုံးစွဲသော တောင်သူများရှိပြီး အတိုးနှုန်းမှာ (၈၀)ပြားဖြစ်ကာ တစ်ကေလျှင် တစ်သိန်းခွဲနှုန်းဖြင့် လယ်စိုက်ကေ (၁၀)ကေ အထိ ချေးယူနိုင်သည်။ ယာစိုက်တောင်သူများအတွက် တစ်ကေလျှင် နှစ်သောင်းကျပ်နှုန်းဖြင့် ချေးယူနိုင်သည်။ ပြန်ပေးဆပ်ရမည့် အချိန်ကာလမှာ ချေးယူသည့် အချိန်မှ (၆)လ အကြာတွင် ပြန်လည်ပေးဆပ်ရသည်။ လယ်ယာမြေရှိသူ တောင်သူတိုင်း ထုတ်ယူသုံးစွဲခွင့် ရှိသည့်အတွက် စိုက်ပျိုးရေးကုန်ကျစရိတ် လုံလောက်မှု သင့်တင့်သော အနေအထားတွင် ရှိသော်လဲ သီးနှံမစိုက်မှီအချိန်တွင် စောစီးစွာ ထုတ်ပေးခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးရေးစရိတ်လိုအပ်ချက်များ ပိုမိုအဆင်ပြေလာစေပါမည်။

ရွာသားအများစုသည် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ချေးငွေလိုအပ်ချက်များ ရှိနေကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်သည် ချေးယူထားကြပြီး အကြွေးငွေ ၁သိန်းကျပ် မှ ၂သိန်းခွဲ အထိ ချေးယူထားကြကြောင်း တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးရွာအမည်ပေါက်စာသင်ကျောင်းမရှိသေးပါ။ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိပြီး ဆရာဆရာမများလဲ အလုံအလောက် ရှိသောကြောင့် ရွာသူရွာသားများအတွက် ကျန်းမာရေးအခြေအနေလက်လှမ်းမီမှုရှိပါသည်။ သောက်ရေ ၊ သုံးရေအတွက် လက်နှိပ်တုံကင်တပ်ဆင်သုံးစွဲကြပြီး လုံလောက်မှုရှိပါသည်။ ချမ်းသာသောအိမ်ထောင်စုများက အိမ်သာကိုအုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာမရှိပါ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများ ၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်လုပ်ကိုင်ကြပြီး ရိုးရာယဉ်ကျေးမှုကိုလဲ မပျောက်ပျက်အောင် ထိန်းသိမ်းကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လဲ တက်ကြွစွာ ပါဝင်လုပ်ကိုင်လျှက် ရှိပါသည်။

## (ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ရွာတွင်းလမ်းမှာ မြေနီကျောက်စရစ်လမ်းဖြစ်ပြီး (၆)ဖာလုံရှည်ပြီး (၂၀၁၄) ခုနှစ်တွင် ကျေးရွာအဖွဲ့ဝင်များမှ ဦးစီးခင်းပေးခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးအတွက် ကား(၁)စီး၊ ဆိုင်ကယ်(၇၃)စီး၊ စက်ဘီး(၇၄)စီး၊ သုံးဘီးဆိုင်ကယ်(၂)စီးနှင့် နွားလှည်း(၂၉)စီးတို့ အသုံးပြုလျက်ရှိသည်။

ကျေးရွာတွင် လျှပ်စစ်မီးအတွက် ရွာပိုင်မီးစက်အင်ဂျင်မှ ရရှိပါသည်။ ဖုန်းဆက်သွယ်ရေး အသုံးပြုနိုင်ပြီး အင်တာနက်အသုံးပြုနိုင်မှု အသင့်တင့်သာရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ်များမပြည့်စုံခြင်းနှင့် စာဖတ်သူနည်းပါးကြောင်း သိရှိရသည်။ တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။ ဖွံ့ဖြိုးတိုးတက်နေသော ရွာတစ်ရွာဖြစ်သောကြောင့် ခိုးမှု ၊ လူကုန်ကူးမှု ၊ မူးယစ်ဆေးဝါးသုံးစွဲမှု နှင့် အကြမ်းဖက်မှုများ မရှိပါ။ ရွာသားများ ရဲစခန်းကို အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်းလဲ မရှိပါ။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေနေများ

ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိခြင်းကြောင့် ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့ လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။

ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသမှုအတွက်လည်း စကုမြို့နယ် ဆေးရုံ မင်းဘူးခရိုင်ဆေးရုံများသို့ အဆင့်ဆင့်သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

သဘာဝအရင်းမြစ်များတွင် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အသင့်အတင့်ရှိသည့် လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည့် ကျေးရွာတွင် အိုင်းမရေလွှဲဆည်မှ (၁၇၆)ဧကအတွက် မိုးစပါးကို ရေသွင်းစိုက်ပျိုးနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးအတွက် ရောင်းချရန် ကြက်၊ ဝက်နှင့် နွားကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ သို့သော် မွေးကုဦးစီးဌာနမှနည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးလွယ်ကူခြင်းကြောင့် အင်တာနက်အသုံးပြုနိုင်ပြီး သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာရှိ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်တိုးမြှင့်အောင် အားစိုက်ရသည်။ အခြားသယံဇာတများလည်း မထွက်ရှိပါ။ ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း စိုက်ခင်းများတွင် ကျရောက်တတ်သည်။ သို့သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များ ရရှိရန် လိုအပ်သည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) စိုက်ပျိုးရေး၊ မွေးမြူရေးဝင်ငွေရလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားများ၏ ဝင်ငွေများတိုးပွားလာမည်ဖြစ်ပါသည်။

(က.၂) လျှပ်စစ်မီးလင်းပြီးကျေးရွာတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး အခြေခံလူနေမှုအဆင့်အတန်းတိုးတက်လာမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်စေရန် နည်းပညာများရရှိရေး၊ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ NGO အဖွဲ့အစည်းများစိုက်ပျိုးရေးကုမ္ပဏီ နှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

(ခ-၂) ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများအောင်မြင်လာစေရန် မျိုးကောင်းများရရှိရေး ရောဂါကင်းစင်ရေးအတွက် တိမွေးကုဦးစီးဌာနနှင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များမှ ဦးဆောင် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်သည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ဖြေရှင်းပေးရမည့် ကိစ္စများ

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းများအား နည်းပညာအထောက်အပံ့များ အလွန်အရေးပါပါသည်။ အနာဂါတ်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စီစစ်သွားနိုင်ပါသည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် ကုလားပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးနှင့် ရောဂါကျရောက်ခြင်းသည် အဓိကပြဿနာ တစ်ရပ်ဖြစ်ပြီး ဖျက်ပိုးနှင့် ကျရောက်တတ်သော ရောဂါများကို ထိရောက်စွာ နှိမ်နင်းနိုင်ရေးအတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနှင့် ရောဂါနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများ သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုမှုများအပါအဝင် ပိုးမွှားရောဂါနှိမ်နင်းရေး နည်းပညာအသစ် ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဦးရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများအနေဖြင့် ဆင်းရဲသားတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်ပါသည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့်ချေးငွေ လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းရှိသော်လည်း အသင်းဝင်ရွာသားများ တိုးပွားလာအောင် ဆောင်ရွက်ပြီး မြို့နယ်သမဝါယမအသင်းမှ

နှစ်စဉ် အသစ်ဝင်လိုသော အသင်းသားများအား ထပ်မံလက်ခံပြီး ချေးငွေများကို ထုတ်ချေးပေးမှုများ ဆောင်ရွက်သင့်ပါသည်။

**(ဃ) ပညာရေးဖွံ့ဖြိုးတိုးတက်စေရေး**

ကျေးရွာအတွင်း ပညာတတ်များ မွေးထုတ်ပေးရန်အတွက် ပညာရေးကဏ္ဍ၌ လိုအပ်သော ကျောင်းဆောင် ဆောက်လုပ်ရန် ပညာရေးဦးစီးဌာနမှ ဦးဆောင်၍ လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။ သို့မှသာ ပညာရေးအဆင့်အတန်းမြင့်မားလာပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးတက်လာမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ် ၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲနိုင်မှုမရှိပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာမြောက်မှု ဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများ အလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးဖြစ်ထွန်းမှုနှင့်

အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုပါသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင် -

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်များ–

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **စိုက်ပျိုးရေးကဏ္ဍ** | မျိုးကောင်းမျိုးသန့်များရရှိ အောင် ဆောင်ရွက်ခြင်းနှင့် စိုက်ပျိုးရေး သွင်းအားစုများ ရရှိအောင် ဆောင်ရွက်ခြင်း | ၈၀ | ၁ | • စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း။<br>• မျိုးကောင်းမိုးသန့်များစိုက်ပျိုးခြင်း။<br>• ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးသုံးစွဲ နည်းပညာသင်တန်းများ ပို့ချခြင်း။<br>• စိုက်ပျိုးရေးဆေးကုမ္ပဏီများနှင့်ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း။<br>• စိုက်ပျိုးရေးစရိတ်ချေးငွေများရရှိနိုင်ရန် ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း။ | |
| **ကျန်းမာရေးကဏ္ဍ** | ကျန်းမာရေးပညာပေးခြင်းနှင့် ဟောပြောပွဲများ ကျင်းပပေး ခြင်း၊ လိုအပ်သော ဆေးဝါးများ ဖြည့်တင်းပေးခြင်း | ၇၉ | ၂ | • ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း။<br>• ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေး ဝန်ထမ်း ရရှိရန် အကူအညီတောင်းခံခြင်း။<br>• ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ကျင်းပခြင်း။<br>• ကျေးရွာတွင်ကျန်းမာရေးအတွက် ရန်ပုံငွေများ စုဆောင်းခြင်း။ | |
| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |

| | | | | | |
|---|---|---|---|---|---|
| **<u>မွေးမြူရေးကဏ္ဍ</u>** | ကာကွယ်ဆေးပုံမှန်ထိုးပေးရန် ဆောင်ရွက်ခြင်းနှင့် မွေး မြူရေးချေးငွေရရှိအောင် ဆောင်ရွက်ခြင်း | ၆၀ | ၃ | • တိမွေးကုဦးစီးဌာနနှင့်ချိတ်ဆက်၍ အကူအညီ တောင်းခံခြင်း။<br>• မွေးမြူရေးဆိုင်ရာနည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း။<br>• မျိုးကောင်း၊မျိုးသန့်များ ဝယ်ယူ၍မွေးမြူ ခြင်း။<br>• အတိုးနှုန်းသက်သာစွာဖြင့် မွေးမြူရေးအတွက် ချေးငွေများ ရရှိရန် ထောက်ပံ့ပေးသည့် အဖွဲ့ အစည်းများ နှင့် ချိတ်ဆက်၍ အကူအညီများ ရယူခြင်း။ | |
| **<u>ပညာရေးကဏ္ဍ</u>** | ကျေးရွာတွင် ကျောင်းနေရွယ် ကလေးတိုင်း ပညာရေး ဆုံး ခန်းတိုင်သင်ကြားနိုင်ရေး ဆောင်ရွက်ခြင်း | ၅၇ | ၄ | • မြို့နယ်ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက် ခြင်း<br>• ပြင်ပ ထောက်ပံ့ပေးသည့် အဖွဲ့အစည်းများ နှင့် ချိတ်ဆက်၍ အကူအညီများ ရယူခြင်း။ | |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **<u>လမ်းပန်းဆက်သွယ်ရေး</u>** | ကျေးရွာချင်းဆက်လမ်း ရေဆိုးထုတ်ချောင်းပေါင်း | ၅၅ | ၅ | • ကျေးလက်ဦးစီးနှင့်ချိတ်ဆက်၍အကူအညီများ တောင်းခံခြင်း။ | |

| | | | | | |
|---|---|---|---|---|---|
| **ကဏ္ဍ** | မှာ ယိုယွင်းပျက်စီးနေပါသဖြင့် အသစ်တဖန် ပြန်လည်ဆောင်ရွက်ခြင်း | | | • ကိုယ်ထူကိုယ်ထ တတ်နိုင်သလောက် ပြုပြင်ခြင်း။<br>• ပြင်ပအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း။ | |
| **မီးလင်းရေးကဏ္ဍ** | မဟာဓါတ်အားလိုင်းမှ လျှပ် စစ်မီးရရှိစေရန် ဆောင်ရွက်ခြင်း | ၅၀ | ၆ | • မီးလင်းရေး ကော် မတီဖွဲ့စည်းခြင်း<br>• လျှပ်စစ်ဌာနနှင့် ချိတ်ဆက်ခြင်း<br>• ရန်ပုံငွေ စုဆောင်းခြင်း | |
| **လူငယ်ကဏ္ဍ** | လူငယ်နှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စေရန် | ၄၀ | ၇ | • ကျေးလက်ဦးစီးနှင့်ချိတ်ဆက်၍ အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ပေးပါရန် အကူအညီများတောင်းခံခြင်း။<br>• ရန်ပုံငွေများစုဆောင်း၍စာကြည့်တိုက်ဖွင့်လှစ်ခြင်း။<br>• ပြင်ပထောက်ပံ့ပေးသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အကူအညီများ တောင်းခံခြင်း။<br>• စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း။ | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | မျိုးကောင်းမျိုးသန့်များရရှိ အောင် ဆောင်ရွက်ခြင်း နှင့် စိုက်ပျိုးရေး သွင်းအားစုများ ရရှိအောင် ဆောင် ရွက်ခြင်း | ၁ | ✓ | ✓ | ✓ | – | ✓ |
| ၂ | ကျန်းမာရေးပညာပေးခြင်းနှင့် ဟောပြောပွဲများ ကျင်းပပေး ခြင်း၊ လိုအပ်သော ဆေးဝါးများ ဖြည့် တင်းပေးခြင်း | ၂ | – | – | ✓ | ✓ | ✓ |
| ၃ | ကာကွယ်ဆေးပုံမှန်ထိုးပေးရန် ဆောင်ရွက်ခြင်းနှင့် မွေးမြူရေး ဈေးငွေရရှိအောင် ဆောင်ရွက်ခြင်း | ၃ | ✓ | ✓ | ✓ | – | – |
| ၄ | ကျေးရွာတွင် ကျောင်းနေရွယ် ကလေးတိုင်း ပညာရေး ဆုံး ခန်းတိုင်သင်ကြားနိုင်ရေး ဆောင် ရွက်ခြင်း | ၄ | – | – | ✓ | ✓ | ✓ |
| ၅ | ကျေးရွာချင်းဆက်လမ်း ရေဆိုးထုတ် ချောင်းပေါင်းမှာ ယိုယွင်းပျက်စီးနေ ပါသဖြင့် အသစ်တဖန် ပြန်လည် ဆောင်ရွက်ခြင်း | ၅ | – | – | – | ✓ | ✓ |
| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | မဟာဓါတ်အားလိုင်းမှ လျှပ် စစ်မီး ရရှိစေရန် ဆောင်ရွက်ခြင်း | ၆ | – | – | – | ✓ | ✓ |
| ၇ | လူငယ်နှင့်ယဉ်ကျေးမှုဖွံ့ဖြိုးတိုး တက်စေရန် | ၇ | – | – | – | ✓ | ✓ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်း များနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီ များ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်သိန်း) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း အသုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁။ | မျိုးကောင်းမျိုးသန့်များရရှိ အောင် ဆောင်ရွက်ခြင်း နှင့် စိုက်ပျိုးရေး သွင်းအားစုများ ရရှိအောင် ဆောင် ရွက်ခြင်း | ၃၀၀ | ၁၀ | ၂၇၀ | ၁၀ | ၁၀ |
| ၂။ | ကျန်းမာရေးပညာပေးခြင်းနှင့် ဟော ပြောပွဲများ ကျင်းပပေးခြင်း၊ လိုအပ် သော ဆေးဝါးများ ဖြည့်တင်းပေး ခြင်း | ၂၀၀ | ၂၀ | ၁၆၀ | ၁၀ | ၁၀ |
| ၃။ | ကာကွယ်ဆေးပုံမှန် ထိုးပေးရန် ဆောင်ရွက်ခြင်းနှင့် မွေးမြူရေး ချေးငွေရရှိအောင် ဆောင်ရွက်ခြင်း | ၃၀၀ | ၃၀ | ၅၀ | ၁၀၀ | ၁၂၀ |
| ၄။ | ကျေးရွာတွင် ကျောင်းနေရွယ် ကလေးတိုင်း ပညာရေး ဆုံးခန်းတိုင် သင်ကြားနိုင်ရေး ဆောင် ရွက်ခြင်း | ၁၀၀ | ၂၀ | ၅၀ | ၁၀ | ၂၀ |
| ၅။ | ကျေးရွာချင်းဆက်လမ်း ရေဆိုးထုတ် ချောင်းပေါင်းမှာ ယိုယွင်းပျက်စီးနေ ပါသဖြင့် အသစ်တဖန် ပြန်လည် ဆောင်ရွက်ခြင်း | ၂၀၀ | ၅၀ | ၉၀ | ၅၀ | ၁၀ |
| ၆။ | မဟာဓါတ်အားလိုင်းမှ လျှပ် စစ်မီး ရရှိစေရန် ဆောင်ရွက်ခြင်း | ၄၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| ၇။ | လူငယ်နှင့်ယဉ်ကျေးမှုဖွံ့ဖြိုးတိုး တက်စေရန် | ၁၅၀ | ၅၀ | ၄၀ | ၁၀ | ၅၀ |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်နှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ဥခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ

တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်း အလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများဖြစ်သည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းများလက်ကျန်၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ

ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ (၁)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၄ | ၂ | ၆ | ၁.၃၈ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၁၄ | ၁၄ | ၂၈ | ၆ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသား အရွယ် | ၂၂ | ၁၄ | ၃၆ | ၇.၁ |
| ၉ နှစ်အထက်မှ ၁၅ နှစ်အထိ | အလယ်တန်းကျောင်းသား အရွယ် | ၂၁ | ၃၆ | ၅၇ | ၁၁ |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၁ | ၁၆၁ | ၃၄၂ | ၆၈ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၂၂ | ၃၆ | ၇.၁ |
| စုစုပေါင်း လူဦးရေ | | ၂၅၇ | ၂၄၉ | ၅၀၆ | ၁၀၀ |
| စုစုပေါင်း အိမ်ထောင်စု | ၁၂၀ | တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄ ဦး | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လူဦးရေအားဖြင့် (၅၀၆)ဦး လက်ရှိနေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ၆၈% ရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးတွင် တက်ကြွစွာပါဝင်လုပ်ဆောင်နိုင်မည့်သူများ ပေါများပါသည်။ နို့စို့အရွယ်မှာ ၁.၃၈% ရှိပါသည်။ သက်ကြီးရွယ်ကြီးမှာ ၇.၁% ရှိပါသည်။ မူလတန်းကျောင်းသားအရွယ်မှာ ၇.၁%နှင့် အလယ်တန်းကျောင်းသားအရွယ်မှာ ၁၁% ရှိပါသည်။ ၅နှစ်အောက်ကလေးငယ်မှာ ၆%ရှိပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေမှာ နိုင်ငံတော်မှ သတ်မှတ်ထားသော တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေအောက် လျော့နည်းနေပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၇ | ၃၀.၈၃ | ၈၈ | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇၇ | ၆၄.၁၆ | ၁၈၉ | ၃ | |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၁.၆၆ | ၆ | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၃ | ငါးဖမ်း လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ | - | - | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၆ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၇ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၈ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၁၀ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၃.၃၃ | ၉ | ၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၁၂ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၁၃ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၁၄ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | ၂ | |
| ၁၆ | ပညာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၁၇ | ကျန်းမာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၁ | |
| ၁၈ | လူမှုရေး လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၁၉ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | - | - | - | - | | |
| ၂၀ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| | စုစုပေါင်း | | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သည့် အိမ်ထောင်စု (၃၄)စုရှိ ပါသည်။ ကျပန်းလုပ်ငန်းကို အဓိကလုပ်ကိုင်သည့် အိမ်ထောင်စုမှာ (၈၆)စုရှိ ပါသည်။ အလုပ်သမားများသော ကျေးရွာဖြစ်သောကြောင့် အသက်မွေးဝမ်းကျောင်း နည်းပညာများ ရရှိရန် လိုအပ်သောကျေးရွာဖြစ်ပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၁၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၂၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၅၀၀ | - |
| ၃ | ငါးလုပ်ငန်း - ရေချို/ ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၅၀၀၀ | - | ၂၀၀၀ | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် ကျားမအလိုက်အနည်းဆုံးအများဆုံး လုပ်အားခမှာ လယ်ယာလုပ်ငန်းနေ့စားခ ကျားအများဆုံး ၄၀၀၀၊ အနည်းဆုံး ၃၀၀၀နှင့် မ အများဆုံး ၂၀၀၀၊ အနည်းဆုံး ၁၅၀၀၊ မွေးမြူရေးနေ့စားခ ကျားအများဆုံး ၂၀၀၀၊ အနည်းဆုံး ၁၀၀၀နှင့် မ အများဆုံး ၁၀၀၀၊ အနည်းဆုံး ၅၀၀ဖြစ်ပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၇၆ | သင့် | ရ | ၁၇၆ |
| ယာမြေ /တောင်ယာ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာ မြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| စုစုပေါင်း | ၁၇၆ | - | - | - |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာ၏စိုက်ပျိုးနိုင်သော လယ်မြေဧရိယာ (၁၇၆) ဧက ရှိပါသည်။ မြေဆီလွှာ၏အရည်အသွေးမှာ အသင့်တင့်ရှိပြီး လုပ်ကိုင်ရလွယ်ကူပါသည်။ လယ်ရေ

ရှိမှုမှာ အိုင်းမဆည်မှ ရေလွှဲပေးသောကြောင့် ရေရရှိမှုပြည့်ဝပါသည်။ ရေရင်းမြစ် ရေပေးနိုင်သည့် ကေ(၁၇၆)ကေလုံး ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | - | - |
| အခြားသဘာဝ ရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် သဘာဝတိရစ္ဆာန်မျိုးစိတ်များနှင့် သဘာဝ အပင်မျိုးစိတ်များမှာ အနည်းငယ်လေ့လာနိုင်သော်လည်း လက်တွေ့ကျကျ အကောင်ထည်ဖော် ရန်မှာ ခက်ခဲလှပါသေးသည်။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂ကေ | ၈ကေ | ၄ ကေ | – |
| အိမ်အခြေအနေ | တိုက်ခံ | ပျဉ်ထောင်သွပ်မိုး | မြေစိုက်သွပ် | မြေစိုက်သက္ကယ် |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ခြွေလှေ့၊ လက်တွန်းထွန်စက် | လှည်း၊ နွား၊ လက်တွန်း ထွန်စက် | ဓါး၊ တံဇဉ်၊ တူရွင်း | ပေါက်တူး၊ ဓါး ၊ တံဇဉ် |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | သုံးဘီး၊ ဆိုင်ကယ်၊ စက်ဘီး၊ တီဗွီ၊ အောက်စက်၊ ဖုန်း | တီဗွီ၊ ဖုန်း၊ဆိုင်ကယ် | စက်ဘီး၊ တီဗွီ၊ ဖုန်း | စက်ဘီး၊ ဖုန်း |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး | စိုက်ပျိုးရေး | မွေးမြူရေး | မွေးမြူရေး |
| အခြားပိုင်ဆိုင်မှု | - | - | - | - |
| အိမ်ထောင်စု - | ၇.၅ (၉%) | ၆.၆(၈%) | ၁၇.၅(၂၁%) | ၆၈.၃(၈၂%) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ (၉%) ရှိပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၈%)ရှိပြီး ဆင်းရဲသောအိမ်ထောင်စုမှာ (၂၁%)နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ (၈၂%) ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စု၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု၏ အဓိကစီးပွားရေး လုပ်ငန်းမှာ မွေးမြူရေးလုပ်ငန်း ဖြစ်ပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေ အဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင် စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၂ | - | အလုပ်အကိုင်ပုံမှန်မရှိခြင်း |
| ၃ လနှင့် ၆လအောက် | ၁ | | ချေးယူစားသောက် |
| ၆ လ မှ ၁၂ လ အထိ | ၂၈ | | ချေးယူစားသောက် |

ရင်းမြစ်..ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ၃ လနှင့် ၆ လအောက် ဝမ်းစာဖူလုံမှုရှိသည့် အိမ်ထောင်စုအရေအတွက် (၁)စုရှိပြီး ချေးယူခြင်းဖြင့် ဝမ်းစာအရေးကို ဖြေရှင်းစားသောက်နေကြပါသည်။ ၆လနှင့် ၁၂လအထိ ဝမ်းစာဖူလုံမှုရှိသည့် အိမ်ထောင်စုအရေအတွက် (၂၈)စုရှိပြီး ချေးယူခြင်းဖြင့် ဝမ်းစာအရေးကို ဖြေရှင်းစားသောက်ကြပါသည်။ ကျန်အိမ်ထောင်စုမှာ အထောက်အပံ့ယူခြင်းဖြင့် မိသားစုရပ်တည်ကျပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၁၄ | ၂၂ | ၃၆ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၇ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေနေမှာ မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို ၆၀ နှင့် အထက် လူဦးရေ(၃၆)ဦးရှိပါသည်။ မိသားစု/ရပ်ရွာစောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေ များသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁၁)စုနှင့် မုဆိုးဖို၊ တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု(၇)စုရှိပါသည်။ အခြားဒေသသို့ သွားရောက် လုပ်ကိုင်သည့် အိမ်ထောင်စုဟူ၍ မရှိပါ။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် | ရာသီဥတုမမှန်ကန်သောကြောင့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် | – |
| ၃ | ရေကြီးခြင်း | – | – |
| ၄ | မိုးခေါင်ခြင်း | – | – |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | – | – |
| ၆ | မုန်တိုင်း | – | - |
| ၇ | ငလျင် | – | - |
| ၈ | မီးဘေး | - | – |
| ၉ | ဆားငန်ရေဝင်မြေ | - | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် | – |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် | - |
| ၁၂ | ငှက်ဖျားရောဂါ | - | - |
| ၁၃ | တီဘီရောဂါ | - | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | – | – |
| ၁၇ | လူကုန်ကူးခြင်း | - | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | – | – |
| ၁၉ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှုမှာ လယ်ယာမြေပင်ကို ကေဖြင့် တစ်ခါတစ်ရံသဘာဝစိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေမှာ အပြည့်အဝမရရှိသဖြင့် အမြင့်ဆုံးစိုက်ပျိုးရေရရှိသည့်နေရာဟု မသတ်မှတ်နိုင်ပါ။ သီးနှံအလိုက်တောင်သူအချင်းချင်း မျှဝေလုပ်ကိုင်ရသဖြင့် စိုက်ပျိုးရေမှာ အနိမ့်ဆုံးဟုယူဆလို့ရပါသည်။ မြေပြိုခြင်းနှင့်မြေဆီလွှာ ပျက်ယွင်းမှုနှစ်ခုမှာ မြေပြိုခြင်းမှာ အနည်းငယ်လျော့လျော့ခြင်းသာတွေ့ရှိရသော်လည်း မြေပြိုခြင်း မရှိသဖြင့် အနိမ့်ဆုံးဟုသတ်မှတ်ပါသည်။ သစ်တောပြုန်းတီးခြင်းမှာ ကျေးလက်နေထိုင်သူများမှ ထင်း၊ ခြံစည်းရိုးစသည့်အသုံးပြုခြင်းကြောင့် ဒေသအလိုက် အနိမ့်စားဟုသတ်မှတ်ပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | - |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | ဝင်ငွေနည်းပါးခြင်းကြောင့် |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | ဝင်ငွေနည်းပါးခြင်းကြောင့် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | နိမ့် | - |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | - | - |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများေ ော နေရာ (Prone to accident) တွင် နေထိုင်သူများ | - | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြော င်းခံရသူများ (IDP) | - | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | - | - |
| ၉ | ငါးကန်ပိုင်ရှင် | - | - |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | - |
| ၁၁ | လူနည်းစုလူမျိုးများ | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | - | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | - |
| ၁၄ | ရွှေတွင်းလုပ်သား | - | - |
| ၁၅ | ဆေးစွဲသူများ | - | - |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | လတ် | - |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | - | - |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | - | - |
| ၂၀ | ကားသမား | မြင့် | - |
| ၂၁ | အခြား | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လူငယ်ထိခိုက်သက်ရောက်မှုရှိနိုင်သူမှာ အနိမ့်ဆုံးအဆင့်သာရှိသည်။ မြေယာမဲ့ဆင်းရဲသူမှာ တောင်ယာများထိန်းသိမ်းမှုကြောင့် လယ်မလုပ်ရသော်လည်း ယာမလုပ်ရသည့်အတွက် မြေယာမဲ့ဖြစ်ခဲ့ရပါသည်။ လက်လုပ်လက်စားကျပန်းများလည်း ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသလို လယ်မြေယာမြေလုပ်ကိုင်မှု နည်းပါးလာသဖြင့် ကျပန်းလုပ်ကိုင်သူများလာပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဝတ်ရွတ်အသင်း | ၃ | ၂၀ | - | ၂၀ | ဘာသာရေး | ၄ | – |
| ၂ | ပရဟိတ | ၂ | | | | သာရေးနာရေး | ၄ | ၈ |
| ၃ | လူငယ် | ၂ | ၄၀ | | ၄၀ | သာရေးနာရေး | ၄ | ၈ |
| ၄ | အမျိုးသမီး | ၂ | | ၃၀ | ၃၀ | သာရေးနာရေး | ၄ | ၈ |
| ၅ | အရန်မီးသတ် | ၃ | | | | မီးဘေး ကာကွယ်ရေး | ၁ | ၁ |
| ၆ | ပက်မြန်မာ | ၁ | | | | ငွေစုငွေချေး | ၁ | ၇ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄)	ကျေးရွာလူထုကိုယ်တိုင်

(၅)	ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆)	ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇)	သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။	။ ကျွန်တော်တို့ကျေးရွာတွင် ဝတ်အသင်းအနေဖြင့် သီတင်းစဉ်ဝတ်ရွက်ခြင်း၊ သာဘာရေးလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပရဟိတအဖွဲ့မှာ ကျေးရွာအတွက် လမ်းပြင်ခြင်း၊ ပရဟိတရန်ပုံငွေထူထောင်၍ ကျေးရွာသို့ထောက်ပံ့ခြင်း၊ လူငယ်အဖွဲ့အစည်းအနေဖြင့် ကျေးရွာအသေးသုံးလုပ်ငန်းများ အချိန်ပြည့်တာဝန်ယူ၍ ကျေးရွာအမျိုးသမီးများအနေဖြင့် အလှူပွဲဝါကျွတ်ပွဲနှင့် လူမှုရေးကဏ္ဍများကျေးရွာတွင် လိုအပ်သည့်သာရေးနာရေးများကို ဆောင်ရွက်လျက်ရှိပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ပက်မြန်မာ | ၂ | ချေးငွေလုပ်ငန်း |
| ၂ | | | |
| ၃ | | | |
| ၄ | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁)	ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂)	အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃)	အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄)	ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅)	ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆)	ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇)	ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။	ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေသော ပြင်ပ အဖွဲ့အစည်းအနေဖြင့် ကျေးရွာမှ အသင်းဝင်မိသားစုများကို ချေးငွေထုတ်ချေးပေးလျက် ရှိပြီး အတိုးနှုန်းမှာလဲ သင့်တော်သော အတိုးနှုန်းဖြစ်ပါသည်။

(၂.၂)	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁)	သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁)	စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ် ထောင် စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၈၆ | ၇၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၉ | ၈ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၇ | ၆ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၁၈ | ၁၅ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | – | – | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၂၀ | ၁၀၀ | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။	။ ကျွန်တော်တို့ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၈၆)စု၊ (၂.၅)ကေအောက်ရှိသည့် အိမ်ထောင်စု (၉)စု၊ (၂.၅)ကေမှ (၅)ကေထိ အိမ်ထောင်စု (၇)စု၊ (၅)ကေ မှ (၁၂.၅)ကေကြား အိမ်ထောင်စု (၁၈)စု နှင့် (၁၂.၅)ကေ အထက်ရှိသည့် တောင်သူကြီး အိမ်ထောင်စု မရှိပါ။

(၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက် ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | အစိုးရ | ၁၇၆ | ရာသီအလိုက် | ရှိ |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | ပုဂ္ဂလိက | ၈ | ရာသီအလိုက် | မရှိ |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် နေထိုင်ကြသော တောင်သူများမှာ အစိုးရမှ ရေပေးဝေသော အိုင်းမရေလွှဲဆည်မှ ၁၇၆ကေ ရေသောက်ရရှိပြီး ရာသီအလိုက် သောက်သုံးရပါသည်။ ၎င်းနောက် ပုဂ္ဂလိကအဝီစိတွင်းများမှာ တောင်သူ(၆)ဦး၊ လယ်စိုက်ကေ(၈)ကေ သီးနှံအလိုက်ရေတင်လျက်ရှိပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ကေ | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/ လတ် / မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/ လတ် / မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၇၁ | တင်း | ၆၀ | ၈၀ | ၇၀ | | | လတ် | လတ် | |
| ပဲ | ၁၇၁ | တင်း | ၁၀ | ၁၅ | ၁၂ | | | လတ် | လတ် | |
| နှမ်း | ၁၇၁ | တင်း | ၁၀ | ၁၅ | ၁၂ | | | လတ် | လတ် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး စပါး၊ ပဲ၊ နှမ်းတို့ထွက်ရှိပြီး တောင်သူများစိုက်ပျိုးလုပ်ကိုင်သော လယ်ယာမြေများမှ တစ်ကေတွင် ထွက်ရှိသော သီးနှံများ၏ အထွက်နှုန်းကို အထက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်း လုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | - | - | - | - | - | - | |
| လက်တွန်းထွန်စက် | ၁၃ | - | - | - | - | - | |
| အစေ့ချ ကိရိယာ | - | - | - | - | - | - | |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - | - | - | |
| ရိတ်သိမ်းစက် | - | - | - | - | - | - | |
| ခြွေလှေ့စက် | ၁ | - | - | - | - | - | |
| ရေစုပ်စက် | ၆ | - | - | - | - | - | |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | |
| မြက်ရိတ်စက် | ၁၄ | - | - | - | - | - | |
| အခြား | - | - | - | - | - | - | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင်လယ်ယာသုံး စက်ကိရိယာ ပိုင်ဆိုင်မှုများမှာ လက်တွန်းထွန်စက်(၁၃)လုံး၊ ရေစုပ်စက်(၆)လုံးနှင့် မြက်ရိတ်စက်(၁၄)လုံးရှိပြီး အခြားပစ္စည်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၅)သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) | |
| ရေရင်းမြစ် | - |
| သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာ | နွားချေး၊ကြက်ချေး၊ဆိတ်ချေး။ သစ်ရွက်ခြောက်များ ရရှိနိုင်ပါသည် |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | – |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | လယ်/ယာစိုက်ပျိုးရေးဘဏ်၊သမဝါယမအသင်း၊ ပက်မြန်မာ တို့မှ ချေးယူရရှိနိုင်ပါသည် |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲများရှိပါသည် |
| သွင်းအားစုဈေးကွက် | လက်လှမ်းမီမှုရှိပါသည် |
| ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု | - |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာရှိ လယ်၊ယာမြေများမှာ သီးနှံအထွက်တိုးရန် အတွက် အသုံးပြုနိုင်သော သဘာဝမြေသြဇာဖြစ်သော နွားချေး၊ ဆိတ်ချေး၊ ကြက်ချေးများနှင့် သစ်ရွက်ခြောက်များကို မိမိတို့အိမ်မှ ရရှိနိုင်ပြီးအော်ဂဲနစ်ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာတို့ကို စိုက်ပျိုးရေးဆေးဆိုင်များမှ ဝယ်ယူရရှိနိုင်ပါသည်။ စိုက်ပျိုးစရိတ်နှင့်ပတ်သက်သည့် ချေးငွေများကို လည်း လယ်၊ယာစိုက်ပျိုးရေးဘဏ်၊ သမဝါယမအသင်း၊ ပက်မြန်မာတို့မှ ဧကအလိုက် ချေးယူရရှိနိုင်ပါသည်။ အထွက်နှုန်းတိုးရန်အတွက် နည်းပညာများကိုလဲ စိုက်ပျိုးရေးဌာနနှင့် စိုက်ပျိုးရေးကုမ္ပဏီမှလဲ လေ့လာသိရှိနိုင်ရန်အတွက် ပညာပေးဟောပြောပွဲများ ရှိပါသည်။ သီးနှံထုတ်လုပ်မှုအတွက် သွင်းအားစုဈေးကွက်နှင့် လက်လှမ်းမီမှုလည်း ရှိပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မရှိပါ |
| မြေဆီသြဇာ အခြေအနေ | မြေဆီအချဉ်ပေါက် |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | စိုက်ဘဏ်/သမ/ပက်မြန်မာ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | အချိန်မီအသုံးပြုနိုင်ခြင်း |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | ကျွမ်းကျင်လုပ်သားရှားပါးခြင်း |
| ရေရင်းမြစ်များ ရရှိနိုင်မှု | အချိန်မီရရှိနိုင်သည် |
| စိုက်ပျိုးရေ မလုံလောက်မှု | မရှိ |
| ဖျက်ပိုးနှင့် ရောဂါ | နည်းပညာရရှိမှုအားနည်းသောကြောင့်ဖြစ်ပါသည် |
| ဈေးကွက် လက်လှမ်းမီမှု | မကွေး၊မင်းဘူးရှိပွဲရုံများသို့ထွက်ရှိသောသီးနှံများရောင်းချနိုင်သည် |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာဗဟုသုတအားနည်းပြီးနည်းပညာဖြန့်ဝေမည့် ပညာရှင် များနှင့် မချိတ်ဆက်မိသောကြောင့် |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် တောင်သူအများစုလုပ်ကိုင်နေသော လယ်ယာများအချဉ်ဓါတ်ပေါက်ခြင်းမှာ ရာသီဥတုဖောက်ပြန်ခြင်း၊ မြေဩဇာအသုံးပြုမှု လွန်ကဲခြင်း၊ ငွေကြေးအရင်းအနှီးမှာ စိုက်ဘဏ်၊ သမ၊ ပက်မြန်မာတို့မှ ရရှိနိုင်ပါသည်။ စိုက်ပျိုးရေးသွင်းအားစုအနေဖြင့် လွယ်ကူချောမွေ့မှုရှိပါသည်။ ကျွမ်းကျင်လုပ်သားရှားပါးမှုမှာ အခြားဒေသများသို့ သွားရောက်လုပ်ကိုင်နေခြင်းကြောင့်ဖြစ်ပါသည်။ ရေအရင်းအမြစ်မှာ အခက်အခဲမရှိပါ။ ဖျက်ပိုး နှင့် ရောဂါမှာ စိုက်ပျိုးသီးနှံအလိုက် ရောဂါကျရောက်မှုမရှိပါ။ ဈေးကွက်လက်လှမ်းမီမှုမှာ အဆင်ပြေပါသည်။ မြို့နယ်စိုက်ပျိုးရေးကွင်းဆင်းဝန်ထမ်းများနှင့် ဆေးကုမ္ပဏီဝန်ထမ်းများထံမှ နည်းပညာနှင့် အကူအညီ အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| မွေးမြူရေး | | | |
| ခိုင်းနွား | ၃၈ | ၁၂၆ | |
| နို့စားနွား | | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| မြင်း | | | |
| ကျွဲ | | | |
| မြည်း | | | |
| လား | | | |
| ဆိတ် | ၄ | ၁၂၅ | |
| သိုး | | | |
| ဝက် | ၂၀ | ၃၁ | |
| ကြက် | ၅၀ | ၄၇၂ | |
| ဘဲ | | | |
| နွားနောက် | | | |
| အခြား | | | |
| ငါးလုပ်ငန်း | | | |
| ငါးကန် | | | |
| ပုဇွန်ကန် | | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လက်ရှိမွေးမြူလျှက်ရှိသော တိရိစ္ဆာန် များမှာ ခိုင်းနွားမွေးသူ(၃၈)ဦး ကောင်ရေ(၁၂၆)ကောင်၊ ဆိတ်မွေးသူ(၄)ဦး အကောင်ရေ(၁၂၅)ကောင် ကြက်မွေးသူ(၅၀)ဦးအကောင်ရေ(၄၇၂)ကောင်နှင့် ဝက်မွေးမြူသူမှာ(၂၀)ဦးသာရှိပြီး အကောင်ရေ မှာ(၃၁)ကောင် စာရင်းကောက်ယူရရှိပါသည်။ ကျေးရွာအိမ်ထောင်စုနှင့်စာလျှင် မွေးမြူရေးကို ထပ်မံတိုးမြှင့်မွေးမြူရန်လိုအပ်ပါသည်။ မွေးမြူရေးကို ငွေကြေးအထောက်အပံ့ပေးနိုင်သူများနှင့် ပူးတွဲလုပ်ဆောင်ရန် အထူးလိုအပ်ပါသည်။

(၂.၂.၂.၂)မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| မွေးမြူရေး | |
| စားကျက်မြေ | မရှိပါ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ရေရရှိမှု | ဆည်မြောင်း |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မရှိပါ |
| ချေးငွေ | သမ/ပက်မြန်မာ |
| သွင်းအားစု ဈေးကွက် | – |
| ဝန်ဆောင်မှု ဈေးကွက် | - |
| ထုတ်ကုန် ရောင်းဝယ်မှု | - |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | ရှိပါသည် |
| အခြား | - |
| ငါးလုပ်ငန်း | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | - |
| ချေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | - |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | - |
| ထုတ်ကုန် ရောင်းဝယ်မှု | - |
| အခြား | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် စားကျက်မြေမရှိပါ။ မျိုးတိရစ္ဆာန်လက်လှမ်းမီမှုရှိပါသည်။ သွင်းအားစုဈေးကွက်အနေဖြင့် မင်းဘူးမြို့တွင် သွားရောက်ဝယ်ယူရရှိနိုင်ပါသည်။ ရေရရှိမှုအနေဖြင့် ဆည်ရေရရှိပါသည်။ အိမ်ခြံမြေအတွင်း မြေနေရာလုံလောက်မှုလည်း ရှိပါသည်။

(၂.၂.၂.၃)မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မွေးမြူရေး | |
| ချေးငွေ ရရှိနိုင်မှု | သီးသန့်ထုတ်ချေးပေးမှုမရှိ |
| ကူးစက်ရောဂါဖြစ်ပွားမှု | သီးခြားခွဲ၍ မမွေးမြူနိုင်ခြင်းကြောင့်ကူးစက်နိုင် |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | – |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | - |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| အခြား | - |
| ငါးလုပ်ငန်း | |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | - |
| ချေးငွေ ရရှိနိုင်မှု | - |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် မွေးမြူရေးနှင့်ပတ်သက်၍ ငွေကြေး ထုတ်ချေးပေးမှုအခြေအနေမှာ မည်သည့်အဖွဲ့အစည်းမှ ကူညီဆောင်ရွက်ပေးခြင်းမရှိပါ။ ကူးစက် ရောဂါဖြစ်ပွားမှု အခြေအနေမှာလည်း မွေးမြူထားသော တိရိစ္ဆာန်များကို အစုလိုက်အပြုံလိုက် မွေးမြူခြင်းဖြစ်သည့်အတွက် ရောဂါများကူးစက်နိုင်ပါသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | - | - | - | |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေး ဝေရေး | – | – | - | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား ၊ ပန်းရံလုပ်ငန်း | - | - | - | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၁ | - | ၁ | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၇ | လက်လီ-လက်ကားရောင်း ဝယ်ရေး | ၁ | - | ၁၂ | |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | – | - | – | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | - | - | - | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | ၂ | ၂ | - | |
| ၁၃ | ပညာရေး | – | – | - | |
| ၁၄ | ကျန်းမာရေး | ၁ | – | ၁ | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | - | - | - | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများ | - | - | - | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများ တွင်လုပ်ကိုင်သူများ(ဥပမာ- UN, INGOs, Companies. etc.,) | - | - | - | |
| | စုစုပေါင်းအသက်မွေး လုပ်ငန်း လုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လက်လီလက်ကားရောင်းသူ(၄)ဦးရှိပြီး မိသားစုဝင်လုပ်အားမှာ (၈)ဦး၊ ပညာရေးဝန်ထမ်း(၃)ဦးရှိပါသည်။ ပြည်ပသို့ သွားရောက်လုပ်ကိုင်သူမှာ(၃)ဦးရှိပြီး ၎င်းတို့၏ စီးပွားရေးအခြေအနေမှာ အလယ်အလတ်တသာရှိပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ဆောက်လုပ်ရေး | ပန်းရံ၊ လက်သမား |
| အထည်ချုပ် | စက်ချုပ်သူများ |
| ဆံပင်ညှပ် | အလုပ်ဝင်ငွေကောင်းခြင်း |
| | |
| | |
| | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများမှာ အစိုးရဝန်ထမ်းများနှင့် အခြားလက်သမားလုပ်ကိုင်သူ ပန်းရံလုပ်ကိုင်သူ ၊ ဆံသ ၊ အပ်ချုပ်လုပ်ကိုင်သူများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| -အသက်မွေးဝမ်းကြောင်းပညာ တတ်မြောက်မှုနည်းပါးခြင်း | -ငွေကြေးမတတ်နိုင်ခြင်း |
| | -အသက်မွေးဝမ်းကြောင်းသင်တန်းများဖွင့်လှစ်ပေးနေသော ဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| | |
| | |
| | |
| | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းသင်တန်းများ ခေါ်ယူမှုရှိနေသော်လဲ သင်တန်းတက်ရောက်ရန် လမ်းစရိတ် မတတ်နိုင်ခြင်း၊ လမ်းစရိတ်တတ်နိုင်ကြသော်လဲ စိတ်ပါဝင်စားသူအားနည်းနေသော လူငယ်များ အား စိတ်ပါဝင်စားမှုများရှိလာအောင် စည်းရုံးနိုင်ခြင်းဖြင့် ကျေးရွာအတွင်းရှိ လူငယ်များ သင်တန်းများကို စိတ်ဝင်တစားဖြင့် လေ့လာသင်ယူနိုင်ကြမည်ဖြစ်သည်။

(၂.၃) ရွှေ့ပြောင်းလုပ်သားများ

(၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

